ပူးတွဲ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ကုန်သွယ်ရေးဦးစီးဌာန

# မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတစ်ခုခုသို့ ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုခြင်းတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်းအချို့ပျက်စီးမှုအားပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းကာလအတွင်းကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် မြဝတီ နယ်စပ်မှ တင်ပို့၊တင်သွင်းရန် လိုင်စင်ခွင့်ပြုထုတ်ပေးပြီးသော ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းနှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတို့မှ ပြောင်းလဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက် ရက်စွဲဖြင့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြေညာချက်အရ မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်အထိ ခွင့်ပြုထုတ်ပေးထားပြီး လိုင်စင်သက်တမ်းကျန်ရှိသော ပို့ကုန်၊ သွင်းကုန်လိုင်စင်များအား မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားကုန်သွယ်ရေးစခန်းတစ်ခုခုနှင့် ပင်လယ်ရေကြောင်းတို့မှ ပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုမည်ဖြစ်ပါမည်။

၃။ ထိုသို့ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြဝတီနယ်စပ်ကုန်သည်အသင်းတို့ ဆွေးနွေးညှိနှိုင်းချက်အရ အောက်ပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

**(က) မြန်မာ-ထိုင်း နယ်စပ်စခန်း ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း**

(၁) မြဝတီနယ်စပ်မှ တင်ပို့၊ တင်သွင်းရန် ပို့ကုန်၊ သွင်းကုန်လိုင်စင်ခွင့်ပြုပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ တင်ပို့၊ တင်သွင်းလိုသည့် အခြားကုန်သွယ်ရေးစခန်း တစ်ခုခုသို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါမည်။

(၂) မြဝတီနယ်စပ်စခန်းမှ တင်သွင်းရန် ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန်ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင် ပိတ်သိမ်း) လျှောက်ထားရပါမည်။

(၃) အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်၊ သွင်းကုန်ကြေညာလွှာ (ED/ID) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

(၄) အမှန်တင်ပြင်ဆင်ပိတ်သိမ်းပြီးသည့်လိုင်စင်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အဆိုပါ လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(၅) တင်သွင်း တင်ပို့သူအနေဖြင့် ပြောင်းလဲဆောင်ရွက်မည့် အခြားကုန်သွယ်ရေးစခန်းတစ်ခုခုတွင် လုပ်ငန်းဆောင်ရွက်မည့်ပမာဏအား ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် လိုင်စင်အသစ်ထပ်မံလျှောက်ထားခြင်း၊ ပြောင်းလဲဆောင်ရွက်မည့် သက်ဆိုင်ရာနယ်စပ်စခန်းတွင် အကောက်ခွန် ED/ID ကြေညာလွှာဖွင့်လှစ်၍ အကောက်ခွန်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရပါမည်။

(၆) ကော့သောင်းနယ်စပ်မှတစ်ဆင့် တင်ပို့မည်ဆိုပါက ရန်ကုန်မှ ကော့သောင်းသို့ ကုန်ပစ္စည်းတင်ဆောင်ရာတွင် ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး လက်အောက်ရှိ ကမ်းရိုးတန်း စက်လှေဆိပ်ကမ်းများဖြစ်သော ချောင်းဝ၊ သာကေတ(ရှုခင်းသာ) စသည့် စက်လှေဆိပ်ကမ်းများမှ ကမ်းရိုးတန်းသယ်ဆောင်ခွင့် လုပ်ငန်းစဉ်ဖြင့် စိစစ်ခွင့်ပြုပြီး ကော့သောင်းတွင် ED ဖွင့်လှစ်ကာ တင်ပို့ခွင့်ဆောင်ရွက်ရပါမည်။

(၇) နယ်စပ်စခန်းပြောင်းလဲလျှောက်ထားခြင်းအတွက် မူလလိုင်စင်ခွင့်ပြုပြီးသည့် ကုန်ပစ္စည်းအမျိုးအစားအားလုံးအား ဆောင်ရွက်ခွင့်ပြုပါမည်။

## ( ခ ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲ တင်ပို့၊ တင်သွင်းခွင့်ပြုခြင်း

### (၁) ပို့ကုန်

(ကက) မြဝတီနယ်စပ်မှတင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ပစ္စည်းများအား ပင်လယ် ရေကြောင်းမှ ပြောင်းလဲတင်ပို့ခွင့်ပြုပါမည်။

(ခခ ) မြဝတီနယ်စပ်စခန်းမှ တင်ပို့ရန်ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန်ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင်ပိတ်သိမ်း) လျှောက်ထားခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့ရန်အတွက် ပို့ကုန်လိုင်စင်အသစ် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရပါမည်။

(ဂဂ ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်ပို့ခွင့်ပြုရာ၌ အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ (ED) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

## (၂) သွင်းကုန်

(ကက) မြဝတီနယ်စပ်မှ တင်သွင်းရန် သွင်းကုန်လိုင်စင်ရရှိပြီးသော ပစ္စည်းများအနက် ပြည်တွင်းသုံးစွဲရန်မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးများ၊ ဆေးဝါးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ နှင့် လူသုံးကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်သွင်းခွင့်ပြုပါမည်။r

(ခခ ) ပင်လယ်ရေကြောင်းမှ ပြောင်းလဲတင်သွင်းခွင့်ပြုရာ၌ အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ကြေညာလွှာ (ID) ထုတ်ယူမှု မှတ်တမ်းအရ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ထောက်ခံထားသည့် လက်ကျန်စာရင်းအပေါ်တွင် ခွင့်ပြုပါမည်။

(ဂဂ ) မြဝတီနယ်စပ်စခန်းမှ တင်သွင်းရန်ကျန်ရှိနေသော မူလလိုင်စင်၏ လက်ကျန် ပမာဏအား လိုင်စင်လျှောက်ထားသူမှ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 တွင် Actual Amend (အမှန်တင်ပြင်ဆင်ပိတ်သိမ်း) လျှောက်ထားခြင်း၊ ပင်လယ် ရေကြောင်းမှပြောင်းလဲတင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်အသစ် လျှောက်ထားခြင်းတို့ ဆောင်ရွက်ရပါမည်။

(ဃဃ) အမှန်တင်ပြင်ဆင်ပိတ်သိမ်းပြီးသည့် လိုင်စင်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အဆိုပါ လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(ငင ) ပင်လယ်ရေကြောင်း(ထိုင်းနိုင်ငံ)မှ ပြောင်းလဲတင်သွင်းခွင့် လျှောက်ထားမှုများ အတွက် ကိစ္စရပ်တစ်ခုချင်း အပေါ်မူတည်၍ စိစစ်ခွင့်ပြုပါမည်။

## (ဂ) သီလဝါအထူးစီးပွားရေးဇုန်မှ ပြောင်းလဲ တင်ပို့၊ တင်သွင်းခြင်း

(၁) သီလဝါအထူးစီးပွားရေးဇုန်မှ မြဝတီနယ်စပ်မှတစ်ဆင့် တင်ပို့၊ တင်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများအား ပြောင်းလဲတင်ပို့တင်သွင်းခွင့်လျှောက်ထားခြင်းအတွက် အကောက် ခွန်ဦးစီးဌာန၏ မူလ ED/ID လက်ကျန်ပမာဏများအား "Invalid" ဆောင်ရွက်ရပါမည်။

(၂) ခွင့်ပြုချက်အသစ်လျှောက်ထားခြင်းအတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် ED/ID အသစ်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရပါမည်။

**(ဃ) အထွေထွေ**

(၁) အထက်ဖော်ပြပါလုပ်ငန်းစဉ်များအရဆောင်ရွက်သည့် ပို့ကုန်၊ သွင်းကုန်လိုင်စင်ပြင်ဆင် ပိတ်သိမ်းခြင်း၊ လိုင်စင်အသစ်လျှောက်ထားခြင်းများအတွက် Tradenet 2.0 စနစ်တွင် ပေးသွင်းရသည့် ဆောင်ရွက်မှုအခကြေးငွေများအတွက် အောက်ပါအတိုင်း ကင်းလွတ်ခွင့် ပြုပါမည်-

(ကက) လိုင်စင်ပြင်ဆင်ကြေး - ၅၀၀၀ ကျပ် (ကင်းလွတ်ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာဌာနခွဲမှစနစ်တွင် ကိစ္စရပ်တစ်ခုချင်း အလိုက် စိစစ်ဆောင်ရွက်ရန်)

( ခခ ) လိုင်စင်အပ်နှံကြေး - ၅၀၀၀ ကျပ် (ကင်းလွတ်ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာဌာနခွဲမှစနစ်တွင် ကိစ္စရပ်တစ်ခုချင်း အလိုက် စိစစ်ဆောင်ရွက်ရန်)

( ဂဂ ) သွင်းကုန်လိုင်စင်ကြေး - ၃၀၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်အထိ (ကင်းလွတ်ခွင့်ပြုပါမည်။) (ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန် သွင်းကုန်လုပ်ငန်းဌာနခွဲမှ စနစ်တွင် ကိစ္စရပ် တစ်ခုချင်းအလိုက်စိစစ် ဆောင်ရွက်ရန်)

(၂) အထက်ပါသတ်မှတ်ချက်များအရ လုပ်ငန်းဆောင်ရွက်ခြင်းအား မြဝတီလမ်းပိုင်း ပြင်ဆင် နေဆဲကာလအတွင်းသာ ခွင့်ပြုမည်ဖြစ်ပြီး၊ မူလအတိုင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည် ဆိုပါက လုပ်ငန်းရှင်များသို့ ထပ်မံအသိပေးအကြောင်းကြားပါမည်။

ကုန်သွယ်ရေးဦးစီးဌာန